



# ခရစ်တော်ယေရှုအကြောင်း






ဒီစာအုပ်လေးက ခရစ်တော်ယေရှုရဲ့ဖြစ်ရပ်မှန်အကြောင်းပါ။ ကိုယ်တော်က လူသားထက်ကျော်လွန်တဲ့ လူသားဖြစ်တယ်။ ဘုရားသားတော်ဖြစ်တဲ့ အ တွက် တန်ခိုးရှိပါတယ်။ လေပြင်းနဲ့ပင်လယ်ကပင်လျှင် ကိုယ်တော့်ကိုနာခံပါတယ်။ ဒါပေမဲ့ပင်လယ်ကိုငြိမ်သက်စေတာ အံ့သြစရာမဟုတ်သေးပါ။ အံ့သြ စရာ အကောင်းဆုံးက ကိုယ်တော်ကသင့်အတွက် လုပ်ပေးခဲ့တာတွေဖြစ်ပါတယ်။ ဖတ်ကြည့်ပါ-တကယ့်အံ့သြစရာအကောင်းဆုံးက ဘာလဲဆိုတာ တွေ့လာ ပါလိမ့်မယ်။



အစတုန်းက
ဘာဆိုဘာမှ မရှိဘူး။
ဘုရားရှင်က လွဲရင်ပေါ့။
ပထမဆုံးနေ့ -
ဘုရားရှင်ရဲ့ ဝိညာဉ်တော်က ဟင်းလင်းပြင်မှာလှုပ်ရှားပြီး အမိန့်ပေးတယ်၊
အလင်းဖြစ်စေ


ဒုတိယနေ့
ဘုရားရှင်ကရေကို တိမ်တွေအဖြစ်နဲ့ အထက်မှာထားသလို လှိုင်းတွေနဲ့ ရေပြင်ကို အောက်မှာ ထားတယ်၊ အထက် ဝေဟင်ကို "ကောင်းကင်ဘုံ" လို့အမည်ပေးတယ်။
တတိယနေ့
ဘုရားရှင်က ကောင်းကင်အောက်က ရေတွေကိုစုလိုက်ပြီး "ပင်လယ်" လို့ခေါ်တယ်။ အဲဒီတော့ "ကုန်းမြေ"လို့ခေါ်တဲ့ ကွင်းပြင်ပေါ်လာတယ်၊ အဲဒီကုန်း မြေမှာ မြက်ပင်၊ ပန်းပင်၊ သစ်ပင်တွေ ပေါက်စေတယ်။ ဘုရားရှင်က အဲဒီအပင်တွေထဲမှာ မျိုးစေ့တွေကိုထည့်ပေးလိုက်တဲ့အတွက် သူတို့ဆက်လက်ပွားများနိုင်ကြတယ်၊ ဒီလိုသစ်ပင်ပန်းပင်ပေါများတဲ့ လောကကြီးဟာ လှပတဲ့နေရာဖြစ်တယ်။
ဒါဟာကောင်းတယ်လို့ဘုရားရှင်သိပါတယ်။


လေးရက်မြောက်နေ့
အဲဒီနောက် လောကကြီးကိုအလင်းပေးဘို့ နေ၊ လ၊ ကြယ်တွေနဲ့အလှဆင်တယ်။ အဲဒါတွေကို ကောင်းကင်မှာ ထားခြင်းအားဖြင့် နေ့ရက်၊ လ၊နှစ်နဲ့ ရာသီချိန်ခါတွေကိုသတ်မှတ်နိုင်တယ်။


ငါးရက်မြောက်နေ့
"ရေထဲမှာ သက်ရှိတွေနဲ့ပြည့်စေ" လို့ဘုရားရှင်က အမိန့် ပေးတဲ့အခါ ငါးမျိုးစုံနဲ့ တစ်ခြားသက်ရှိတွေ ပင်လယ်ထဲမှာ ပေါက်ပွားလာတယ်။
"လေထဲမှာငှက်မျိုးစုံပျံစေ" လို့ ဘုရားရှင်က အမိန့် ပေးလိုက်တဲ့အခါ ကောင်းကင်မှာ ငှက်အမျိုးမျိုး ပျံသန်းကြတယ်။
"မြေကြီးပြည့်အောင်ပွားများကြစေ"လို့ ဘုရားရှင်က ကောင်းကြီးပေးပါတယ်။
ဒါတွေ အားလုံးကောင်းတယ်ဆိုတာ ဘုရားရှင်သိပါတယ်။


ခြောက်ရက်မြောက်နေ့
"မြေကြီးမှာ သက်ရှိတွေနဲ့ပြည့်စေ"လို့ ဘုရားရှင်အမိန့်ပေးတဲ့အတွက် သားရဲ၊ သားယဉ်၊ တွားသွားသက်ရှိတွေ ရှိလာတယ်။
အဲဒီနောက် ဘုရားရှင်က ပထမဆုံးလူ-အာဒံနဲ့ ပထမဆုံးအမျိုးသမီး-ဧဝ ကိုဖန်ဆင်းတယ်။ သူတို့ကို ဘုရားရှင်ရဲ့ပုံရိပ်ထင် ထားတဲ့အတွက် ဖန်ဆင်းထားသမျှ ထဲမှာ အကောင်းဆုံးဖြစ်တယ်။ သူတို့ထဲမှာ အမြဲတမ်းရှင်သန်နိုင်တဲ့ အသက်ထည့်ပေးထားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားရှင်က လူသားတွေကို ဒီလောကကြီးကို အုပ်စိုးပြီး အဆင်ပြေပြေနေစေချင်လို့ဖြစ်တယ်။
ဘုရားရှင်က သူဖန်ဆင်းထားသမျှ အားလုံးကိုကြည့်ပြီး၊ သိပ်ကောင်းတယ်ဆိုတာကိုသိပါတယ်။
ခုနစ်ရက်မြောက်နေ့
ခုနစ်ရက်မြောက်တဲ့နေ့မှာ ဘုရားရှင် နားနေပါတယ်။
ဘုရားရှင်က အာဒံနဲ့ဧဝကို သူတို့နေတဲ့ဥယျာဉ်ကြီးရဲ့ သာယာပြီးအသီးအနှံများပြားပုံကိုပြပါတယ်။ ပြီးတော့ ဒီဥယျာဉ်ထဲမှာ ကောင်းတာနဲ့မကောင်းတာကို ခွဲခြား သိနိုင်တဲ့ အသက်ပင်ရဲ့ အသီးကလွဲရင် ကျန်တာအားလုံးကိုစားနိုင်တယ်။ အသက်ပင်ရဲ့အသီးကို စားရင်တော့ သေရလိမ့်မယ် လို့ ဘုရားရှင်က သူတို့ကို ပြောပါတယ်။


ဘုရားရှင်က ဒီလောကကြီးကို ပြီးပြည့်စုံအောင် ဖန်ဆင်းထားတဲ့အတွက် လူနဲ့တစ်ခြားသက်ရှိတွေဟာ ငြိမ်းချမ်းစွာ အတူနေနိုင်ကြတယ်။ ဘုရားရှင်ကိုယ်တိုင်လည်း သူတို့နဲ့နီးကပ်စွာနေပါတယ်။
ကြည့်-အာဒံ၊ ဒို့ ခေါ်လိုက်တော့ ငှက်ကလေး လာတယ်ဟေ့
ဘုရားရှင်ကသိပ် ကောင်းမြတ်ပါတယ်။ ဒို့တွေအတွက် အားလုံး ပေးထားတယ်။
ဘုရားရှင်က အသီးတစ်မျိုးကို မစားရဘူးလို့ပြောထားပေမဲ့ ဧဝက စပ်စုပါတယ်။
မြွေယောင်ဆောင်ထားတဲ့ စာတန်က ဧဝကို လှည့်ဖြားပါတယ်။
ဘုရားရှင်က ဒီအ သီးကိုမစားနဲ့လို့ ပြော တာသေချာရဲ့လား
ဟုတ်တယ်လေ၊ ထိတာနဲ့ သေမှာတဲ့
"စားကြည့်စမ်းပါ၊ ပညာရှိဖြစ်လာလိမ့်မယ်" လို့ စာတန်ကပြောတယ်။
နဲနဲ မြည်း ကြည့်မယ်
အာဒံရေ၊ ကောင်းတယ်ဟ






## ကယ်တင်ခြင်းအတွက် ဘုရားရှင်၏ ဂတိတော်


ဘုရားရှင်နဲ့ သူရဲ့ အချစ်ဆုံးဖန်ဆင်းခြင်းတွေရဲ့ ပြီးပြည့်စုံတဲ့ စည်းလုံးမှုဟာ အခု ထာဝရပြိုကွဲခဲ့ပါပြီ။


အာဒံနဲ့ဧဝတို့ဟာ သူတို့ ပညာနဲ့ အရှက်တရားကနေ ဘဝသစ်ကိုဖန်တီးရမယ့် အခြေအနေရောက်သွားပါတယ်။


ဒါပေမဲ့ ဘုရားရှင်က သူဖန်ဆင်းထားတာတွေကို ကယ်တင်ဘို့ အစီအစဉ်ရှိပြီးသားပါ။ သူ့လူတွေအတွက် ကယ်တင်ရှင်တစ်ပါးကိုစေလွှတ်မယ်လို့ ဘုရားရှင်က ဂတိပေးပါတယ်။



ဘုရားဖန်ဆင်းတဲ့ ပြီးပြည့်စုံသော
လောကကြီးဟာ အခုတော့
မကောင်းမှုတွေနဲ့ပြည့်နေပါပြီ။


မြေကြီးပေါ်ကလူတွေကို လက်တွေကယ်တင်ပြီး
မျှော်လင့်ခြင်းပေးရမယ်လို့ ဘုရားရှင်သိမြင်ပါတယ်။



ဘုရားရှင်က လူတွေကိုချစ်တယ်၊ ဒါကို လူတွေကဂရုမစိုက်ဘဲ ဘုရားရှင်နဲ့မိတ်ဆွေမဖြစ်နိုင်တဲ့ ဆိုးသွမ်းမှုတွေကို ကျူးလွန်ကြတာ ဝမ်းနည်းစရာဘဲ။ ဒါပေမဲ့ ဆက်ဆံရေးကို ပြန်ပြုပြင်ဘို့ ဘုရားထံမှာအစီအစဉ်ရှိပါတယ်။ အံ့သြစရာအကြောင်းကတော့ ဒီလိုပါ။ ဘုရားရှင်က ထူးဆန်းစွာနဲ့ သားတော်သခင်ယေရှုကို အပျိုကညာမာရိအားဖြင့် မွေးဖွားခြင်းခံစေပြီး လူ့လောကသို့ စေလွှတ်ခဲ့ပါတယ်။
သားတော်မွေးဖွားခြင်းခံဘို့ ဗက်လင်မြို့ငယ်လေးကို ဘုရားရှင်ရွေးချယ်ပါတယ်။ ခရီးပန်းနေကြတဲ့ မာရိနဲ့ယောသပ်ဟာ ရွေးချယ်စရာမရှိဘဲ နွားတင်း ကုပ်ထဲမှာ တည်းခိုကြရပါတယ်။ အဲဒီညမှာ သူငယ်ယေရှုကို ဖွားမြင်ပါတယ်။ သားငယ်လေးနွေးထွေးအောင် မာရိက နွားစာခွက်ထဲမှာ သိပ်ထားပါတယ်။
အဲဒီညမှာဘဲ ဗက်လင်မြို့အပြင် တောင်ကုန်းတွေက သိုးထိန်းတွေဟာ ကောင်းကင်မှာ ကောင်းကင်တမန်တစ်ပါးကို ရုတ်တရက်တွေ့မြင်ကြရပါတယ်။
ဘာဖြစ်တာလဲဟေ
ဘုရားရှင် - ကယ်တော်မူပါ
မကြောက်ကြနဲ့၊ သင်တို့နှင့် လောကကြီးတစ်ခုလုံးအတွက် ဝမ်းသာစရာသတင်းကောင်းကို ကျွန်ုပ် ယူဆောင်လာပါတယ်။
သင်တို့အတွက် ကယ်တင်ရှင်ကို ယနေ့ဖွားမြင်ပြီ။ ကောင်းကင်မှာ ဘုရားရှင်ဘုန်းကြီးပါစေ၊ မြေကြီးပေါ်မှာ လူတိုင်းငြိမ်းချမ်းပါစေ။



ထူးခြားတဲ့ ဒီကလေးငယ် ကြီးပြင်းလာပါပြီ။ အသက် ၃၀ မှာ ဘုရားသခင်စေခိုင်းတဲ့ တာဝန်ကိုစတင် လုပ်ဆောင်ပါတယ်။ ယောဟန်လို့ခေါ်တဲ့ လူတစ် ယောက်ဆီမှာ နှစ်ခြင်းမင်္ဂလာ တောင်းခံခြင်းအားဖြင့် အစပြုပါတယ်။ ယောဟန်က လူတွေကို ဘုရားသခင်ထံ ပြန်လာဘို့ ဟောပြောတဲ့ ဆရာကြီးတစ်ပါး ဖြစ်တယ်။ သခင်ယေရှုဟာ သူ့ထက်အလွန်ထူးမြတ်တဲ့သူ ဆိုတာသိတယ်။
ကိုယ်တော်က ဘုရားရှင်ရဲ့ သားတော်ပါ
နှစ်ခြင်းမင်္ဂလာပေးဘို့ ကျွန်တော်နဲ့ မထိုက်တန်ပါ
ယောဟန်-ကျွန်တော့်ကို လောကကြီးနဲ့ မိတ်ဆက်ပေးဘို့ ဘုရားရှင်က ခင်ဗျားကို ရွေးချယ်ပါတယ်။
ဒါကြောင့် ယောဟန်က သခင်ယေရှုကို နှစ်ခြင်းမင်္ဂလာပေးပါတယ်။ သခင်ယေရှု ရေထဲကပေါ်လာတဲ့အခါ သန့်ရှင်းသောဝိညာဉ်တော် က ချိုးငှက်သဏ္ဍာန်နဲ့ ကောင်းကင်က ဆင်းလာပါတယ်၊ ကောင်းကင်ကနေ ဘုရားရှင်ရဲ့အသံတော်ကို ကြားရပါတယ်။
ဤသူကားငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း။
နောက်သုံးနှစ်အတွင်းမှာ ဘုရားရှင်ရဲ့ တစ်ပါးတည်းသောသားတော်က အံ့ဩစရာများစွာကိုပြခဲ့ပါတယ်။ မျက်မမြင်၊ နားမကြား၊ ရောဂါမျိုးစုံနဲ့ နေမကောင်း သူများကို အနာငြိမ်းစေပါတယ်။ သေသူကိုပင်ပြန် ရှင် စေပါတယ်။ ကလေးတွေ၊ ဆင်းရဲသူတွေနဲ့ မျှော်လင့်ချက်ကင်းမဲ့နေသူတွေကို သခင်ယေရှုက ချစ်ပါတယ်။ သူ့နောက်ကိုလူတွေအများကြီးလိုက်ကြတယ်။ သခင်ယေရှု သွားလေ ရာမှာ အဘဘုရားရှင် အကြောင်းကို ပြောပြတယ်။ ဘုရားသခင်ကို ချစ်ပြီး၊ အမှုတော်ဆောင်ဘို့ သခင်ယေရှု က ဖိတ်ခေါ်ပါတယ်။
သခင်ယေရှု လောကမြေပေါ်မှာရှိစဉ် အံ့ဩစရာများစွာလုပ်ခဲ့ပါတယ်။ တစ်ခုစီကိုရေးချမယ်ဆိုရင် မြေကြီး မဆံ့နိုင်ပါ။
အဲဒီထဲက တစ်ချို့ ကို အခုဖေါ်ပြပါမယ်။



သခင်ယေရှုကချစ်စရာကောင်းတဲ့ပညာရှိဆရာပါ။ ကိုယ်တော်ပြောတာကိုနားထောင်ဘို့ အံ့သြစရာတွေကိုကြည့်ဘို့လူအများစုဝေးနေကြပါတယ်။ တစ်နေ့ မှာတော့ လူအများကို ကိုယ်တော်သင်ကြားနေစဉ် အစာစားရမယ့်အချိန်ရောက်လို့ဗိုက်ဆာလာကြပါတယ်။ ဒါပေမဲ့ သူတို့မှာ ကောင်လေး တစ်ယောက် ယူလာတဲ့ နေ့လည်စာနည်းနည်းဘဲရှိပါတယ်။ အဲဒီကောင်လေးက သခင်ယေရှုကို သူ့ရဲ့ နေ့လည်စာပေးလိုက်ပါတယ်။
အဘ ဘုရားရှင်၊ မုန့် နဲ့ ငါးအတွက် ကျေးဇူးတင်ပါတယ်။
သခင်ယေရှုဆုတောင်းပြီးတဲ့အခါ လူငါးထောင်ကို အဲဒီမုန့်နဲ့ငါး ကျွေးလိုက်ပါတယ်။
အံ့သြစရာဘဲဟေ့



နောက်တစ်ကြိမ်ကတော့ ဒီလိုပါ၊ သခင်ယေရှုရဲ့မိတ်ဆွေတွေ လှေနဲ့ခရီးသွားနေတုန်း ရေပေါ်မှာ လမ်းလျှောက်နေတဲ့လူတစ်ယောက်ကို လှမ်းမြင် ကြတယ်။
ရေပြင်မှာမြေပြင်လို လျှောက်နေတဲ့လူက သခင်ယေရှုပါ၊ ကိုယ်တော့်ရဲ့တပည့်တွေထဲကတစ်ယောက်ကလည်း သခင်ယေရှုရဲ့တန်ခိုးတော်ကို ယုံကြည် တဲ့အတွက် သူလည်းရေပြင်ပေါ်မှာ လမ်းလျှောက်နိုင်ခဲ့တယ်။
သခင်ယေရှုကိုကြည့်နေသမျှ သူရေပေါ်မှာလျှောက်နိုင်ပေမဲ့ ကိုယ်တော်ကိုမကြည့်ဘဲ ကြောက်စရာရေလှိုင်းတွေကို ကြည့်မိတဲ့အခါမှာတော့ ကိုယ်တော်ရဲ့ တန်ခိုးတော်ကို ယုံကြည်စိတ်ချမှုအားနည်းသွားလို့ ရေထဲကိုနစ်သွားတယ်။
သခင် ကယ်တော်မူပါ
ငါ့ကို မင်း သံသယ မရှိသင့်ဘူး
သူတို့လှေထဲကို အတူတူပြန်ဝင်ခဲ့ကြတယ်။
ကိုယ်တော်ဟာ ဘုရားရှင်ရဲ့စစ်မှန်သော သားတော်ဖြစ်ပါတယ်။



ဒါပေမဲ့ ဘာသာရေးခေါင်းဆောင်တွေ
က သခင်ယေရှုကို မကြိုက်ကြဘူး။
လူတွေက သခင်ယေရှုကို ဘုရား
သားတော်အဖြစ် ယုံကြည်ကြတော့
သူတို့အာဏာ လျော့လာလို့ပေါ့။
သူက ဒီလိုအံ့သြ
စရာတွေ ပြနေတော့
ငါတို့တွေဘယ်လိုဆက်ပြီး
ကြီးစိုးကြမှာလဲ
သူ့အကြံအစည်က ဘာလဲ၊
ဒီနိုင်ငံကိုသိမ်းပိုက်ဖို့ ကြံနေတာ
လား၊ သူက ပြဿနာဘဲ။
သူထပ်ပြီး
ပြဿနာမလုပ်နိုင်ခင်
ရှင်းပစ်ဖို့ လိုတယ်၊ ဒါပေမဲ့
သူက လူတွေထဲမှာ
အရမ်းကျော်ကြားနေတော့
ငါတို့အချိန်ကောင်း
စောင့်ဖို့ လိုတယ်။
မိဘတွေက သားသမီးတွေကို သခင်ယေရှုဆီခေါ်လာတယ်။
သခင်ယေရှု
ကျွန်မ သားလေးကို
ကောင်းကြီးပေးပါ။
မရဘူး၊ ကလေးတွေကို
ဝေးဝေးခေါ်သွား၊ သခင်ယေရှုကို
မနှောင့်ယှက်ကြနဲ့။
ဒါပေမဲ့ သခင်ယေရှုက ကလေးသူငယ်များကို
ကြိုဆိုလက်ခံပါတယ်။
ငါ့ခမည်းတော်က ကလေး
များနဲ့ ငါ့ကိုယုံကြည်ကိုးစားသူတွေ
အားလုံးကိုချစ်ပါတယ်။သူတို့
လေးတွေ လာပါစေ။



ဒီအချိန်မှာတော့ ဘာသာရေးခေါင်းဆောင်တွေက သခင်ယေရှုကို ပိုမို ပြီး စိတ်ဆိုးလာကြပါပြီ။
ဒီလူက အံ့ဩစရာတွေ ဆက်လုပ်နေတယ်၊ ဘုရားသခင်ရဲ့သားတော်လို့လည်းပြောနေတုန်းဘဲ
သခင်ယေရှုက အမှန်တွေကိုပြောနေတယ်ဆိုတာ လူတွေပိုပြီး လက်ခံယုံကြည်မလာခင်သူ့ကိုရပ်ပစ်ရမယ်။
တစ်နေ့မှာ သခင်ယေရှုက ကျောင်းတော်လှေကားမှာရပ်ပြီး အမှန်တရားကို ဟောပြောနေပါတယ်။
ငါက ဘုရားရှင်ရဲ့တစ်ပါးတည်းသောသားတော်ဖြစ်တယ်၊ ငါ့ကိုယုံကြည်တဲ့သူဟာ မသေဘဲ ကောင်းကင်မှာငါနဲ့အတူ အစဉ်ထာဝရ ရှိရမယ်။
ဒီလူက အရူးဘဲ
သူ့ကို သတ်ပါ သတ်ပါ
ဒါပေမဲ့ သခင်ယေရှုက တည်ငြိမ်စွာနဲ့ လူအုပ်ကြီးရဲ့အလယ်က ဖြတ်လျှောက်သွားတယ်၊ ဘယ်သူမှ ကိုယ်တော့်ကို မထိနိုင်ဘူး။


ဘာသာရေးခေါင်းဆောင်အများစုက သခင်ယေရှုဟာဘုရားသားတော် ဖြစ်တယ်ဆိုတာကို မယုံကြဘူး။ ဒါပေမဲ့ သခင်ယေရှုကို ထိလိုက်ရင် လူတွေက သူတို့ကို တိုက်ခိုက်မှာကိုကြောက်ကြတယ်။ ဒါကြောင့် သခင်ယေရှုကိုအပြစ်ပေးလို့ရအောင် သခင်ယေရှုရဲ့ တပည့်တစ်ယောက်ကို ပိုက်ဆံပေးပြီး သစ္စာ ဖေါက်ခိုင်းကာ ရောမစစ်သားတွေ လက်ထဲအပ်ခိုင်းတယ်။
မင်္ဂလာပါ ကိုယ်တော်
ကိုယ်တော်နဲ့အတူ ပါလာတဲ့လူအချို့က ကိုယ်တော့်ကို ကာကွယ်ဖို့ ကြိုးစားကြပါတယ်။
ငါ့အတွက်မတိုက်ကြနဲ့၊ ငါလိုချင်ရင် ကောင်းကင်တမန်တပ်တွေကို အမိန့်ပေးလို့ရတယ်၊ ဒါဆိုရင် ဘုရားသခင်ရဲ့အကြံအစည်တော်က ဘယ်လိုဖြစ်သွားမလဲ



သခင်ယေရှုတစ်သက်လုံး မကောင်းတာ ဘာတစ်ခုမှမလုပ်ခဲ့ပါ။ ဒါပေမဲ့ ရန်သူတွေက ရောမဘုရင်ခံပိလတ်မင်းဆီခေါ်သွားပြီး လိမ်ညာကြတယ်။ မကောင်း တာတွေလုပ်ခဲ့တယ်လို့ပြောကြတယ်၊ ပိလတ်မင်းက သူတို့ကို မယုံပေမဲ့ သခင်ယေရှုကိုနှိပ်စက်ဘို့ သူ့စစ်သားတွေကို အမိန့်ပေးပါတယ်။
ကြာပွတ်နဲ့ချစမ်းကွာ
ကြာပွတ်နဲ့ရိုက်ပြီးတဲ့အခါ စစ်သားတွေကဆူးခက်သရဖူလုပ်ပြီး သခင်ယေရှုရဲ့ခေါင်းတော်ပေါ်မှာတင်၊ ဝတ်ရုံတစ်ခုကို ခြုံစေပြီး ပြောင်လှောင်ကြတယ်။
ဟ၊ မင်းက ဘာ ဘုရားသားတော်လဲ
ပိလတ်မင်းက သခင်ယေရှုဟာ အပြစ်ကင်းမှန်းသိပေမယ့်လည်း ဒေါသထွက်နေတဲ့လူအုပ်ကြီးကို သူကြောက်တယ်။
သူ့ကိုမင်းတို့ကြိုက် သလိုလုပ်ကြ
သူ့ကိုသတ်ပါ၊ ကားစင်တင်ပါ။



ဘာသာရေးခေါင်းဆောင်တွေ ပြောတဲ့အတိုင်း
ပိလတ်မင်းလုပ်ပါတယ်။ သခင်ယေရှုကိုသတ်မယ့်နေရာအထိ
လေးလံတဲ့ကားတိုင်ကြီးကို အတင်းထမ်းခိုင်းပါတယ်။
လူအများက သခင်ယေရှုကိုချစ်တယ်။ ကိုယ်တော်ဟာဘုရားသားတော်ဖြစ်ကြောင်း သူတို့သိကြတယ်။
ဒါကြောင့် ကိုယ်တော်က တန်ခိုးပြပြီး ဘာကြောင့်သူ့ကိုယ်သူ မကယ်တင်တာလဲလို့ သူတို့အံ့ဩကြတယ်။
ဒါကဘုရားသခင်ရဲ့အကြံတော်ဘဲဆိုတာ သူတို့နားမလည်နိုင်ကြဘူး။
သခင်ယေရှု လဲ ကျသွားပြီ၊ ကားတိုင်က သိပ်လေးတာကိုး။ တခြားလူတစ်
ယောက်က ကားတိုင်ကိုမ ပြီး သခင်ယေရှုကိုယ်စား ထမ်း
ပေးပါတယ်။


သခင်ယေရှုကို သူခိုးနှစ်ယောက်ကြားမှာကားစင်
တင်ပါတယ်၊ တယ်ဆိုးပါလား။
အဘ ဘုရား၊ သူတို့ကို
အပြစ်လွှတ်ပါ၊ သူတို့ဘာလုပ်နေကြ
သလဲဆိုတာ သူတို့ မသိကြလို့ပါ။
သခင်ယေရှုက ကားတိုင်ပေါ်မှာ ဝေဒနာများကိုခံစားပြီး၊ နောက်ဆုံးမှာ
သက်တော်စွန့်ပါတယ်။ လျှပ်စီးလက်ပြီး နေမင်း အလင်း ပျောက်ကွယ်ပါတယ်။
မိတ်ဆွေ တစ်ယောက်က သခင်ယေရှုရဲ့အလောင်းတော်ကို
လိုဏ်ဂူထဲကသင်္ချိုင်းတွင်းမှာ သဂြိုဟ်ဖို့ သယ်ဆောင်သွားခွင့် ရပါတယ်။



နောက်သုံးရက်ကြာတော့ သခင်ယေရှုကိုချစ်ကြည်ညိုတဲ့ အမျိုးသမီးတွေဟာ ကိုယ်တော်ရဲ့သင်္ချိုင်းဂူကို သွားကြပါတယ်။ အဲဒီမှာသခင်ယေရှုရဲ့ အလောင်းတော်ကို မတွေ့ဘဲ၊ သူတို့ကိုစောင့်နေတဲ့ ကောင်းကင်တမန်ကိုသာ တွေ့ကြရပါတယ်။
မကြောက်ကြနဲ့၊ ကိုယ်တော် ရှင်ပြန် ထမြောက်ပြီ။
ကိုယ်တော့်ရဲ့ နောက်လိုက်တွေက မယုံကြဘူး။ သူတို့ကိုယ်တိုင် ပြေးကြည့်ကြတယ်။
ကိုယ်တော်ရှင်ပြန်ထမြောက်ပြီ၊ ကိုယ်တော်ပြောခဲ့ပေမယ့် ဒို့တွေက မယုံခဲ့ကြဘူး။
အဲဒီနောက် ကိုယ်တော်ကသူတို့ကို ရုပ်တရက် ထင်ရှားပြပါတယ်။
မငိုကြနဲ့၊ ငါဟာ သေခြင်းထက်ပိုပြီး စွမ်းအားရှိတယ်။


နောက်ရက်အနည်းငယ်ကြာတော့ ကိုယ်တော်က
သူ့မိတ်ဆွေ၅၀၀ ဆီကိုလာပါတယ်။ ဟုတ်တယ်၊ ကိုယ်တော်
ရှင်ပြန်ထမြောက်တယ်ဆိုတာ သံသယရှိ စရာမလိုဘူး။
ဘုရားရှင်ခိုင်းတဲ့အလုပ်တွေကို ပြီးအောင်လုပ်နိုင်ခဲ့ပါတယ်။
အခုတော့ဘုရားရှင်ရဲ့ အလုပ်တွေကို ဆက်လုပ်ဖို့
ကိုယ်တော့်တပည့်များရဲ့ အလုပ်ဖြစ်ပါတယ်။ သူတို့လိုအပ်ချိန်မှာ
ဘုရားရှင်ကသူ့ရဲ့တန်ခိုးကိုပေးပါတယ်။ ကျွန်တော်-ကျွန်မ
တို့အားလုံးကျူးလွန်တဲ့အပြစ်တွေအတွက်
ကိုယ်တော်ကပြစ်ဒဏ်ခံယူသွားကြောင်း တစ်လောက
လုံးကိုပြောပြရမယ်။ အခုကျွန်တော်-ကျွန်မတို့
ကိုယ်တော့်ကိုချစ်ပြီး၊ ကိုယ်တော့်အတွက်အသက်
ရှင်မယ်၊ ဘုရားရှင်နဲ့ ထာဝရမိတ်ဆွေဖြစ်နိုင်ပါပြီ။
ဒီသတင်းကောင်းကို
သွားပြီးဝေမျှပါ။ တစ်လောကလုံးကို
ငါ့အကြောင်းသင်ကြားပေးပါ၊
ငါကိုယ်တိုင်မင်းတို့နဲ့အတူ
ထာဝရရှိနေမယ်။
အဲဒီနောက် သခင်ယေရှုကိုချစ်တဲ့သူတွေ ကြည့်နေတုန်းမှာပဲ
ကိုယ်တော်က ကောင်းကင်ဘုံကို ပြန်လည်တက်ကြွသွားပါတယ်။


သခင်ယေရှုရဲ့ နောက်လိုက်တွေက တစ်ကမ္ဘာလုံးကို သွားပြီး သတင်းကောင်းကို ပြောကြားကြပါတယ်။
သခင်ယေရှု၊ ကိုယ်တော်ရဲ့သတင်းကောင်းကို ရဲရင့်စွာဝေမျှနိုင်ဘို့ ကူညီပါ။
ကိုယ်တော်ရဲ့ နာမတော်အားဖြင့် ဆက်လက်ပြီး အနာငြိမ်းခြင်းနဲ့ အံ့ဩဘွယ်ရာများ ပြနိုင်ရတဲ့ အခွင့်ပေးတော်မူပါ။
ဥပမာ- လမ်းမလျှောက်နိုင်တဲ့လူ
မတ်တပ်ရပ်ပါ
ချက်ခြင်း မတ်တပ်ရပ်ပါတယ်။
ငါလမ်းလျှောက်နိုင်ပြီ ဟေ့၊ ဘုရားရှင်ကိုချီးမွမ်းပါတယ်၊ ငါ လျှောက်နိုင်ပြီ
နေမကောင်းသူတွေဟာ သခင်ယေရှုနောက်ကိုလိုက်တဲ့အတွက် အနာငြိမ်းကြပါတယ်။ သူတို့ဟာ သခင်ယေရှုရဲ့ တပည့်တွေဖြစ်လာကြတယ်။


တစ်ချို့တွေက သခင်ယေရှုရဲ့ တပည့်တွေ
ကိုဖမ်းပြီး ထောင်ချတယ်၊ သတ်ပစ်ကြတယ်။
ကောင်းသော
တိုက်လှန်ခြင်းကို ငါပြုပြီ၊
ပြေးရသောလမ်းကို
အဆုံးတိုင်အောင် ပြေးပြီ၊
ယုံကြည်ခြင်းတရားကို
စောင့်ရှောက်ပြီ
ဒါပေမဲ့ သခင်ယေရှုရဲ့ တပည့်တွေကို များများသတ်ပစ်လေလေ-
နောက်ထပ်ယုံကြည်သူတွေများလာလေလေဖြစ်တယ်။
အခုဆိုရင် ဒီကမ္ဘာကြီးရဲ့ နိုင်ငံတိုင်းမှာ
သခင်ယေရှုရဲ့ တပည့်တော်တွေရှိတယ်။
ကိုယ်တော်ရဲ့ သတင်းကောင်းကလည်း
ဆက်လက် ပြန့်ပွားနေတုန်းပါဘဲ။




## သခင်ယေရှုရဲ့နောက်တော်သို့ သင် လိုက်ချင်ပါသလား

ဒီအမှန်တရားများကို ဖတ်ပါ။ သင်လက်ခံယုံကြည်တဲ့
အချက်တစ်ခုစီအတွက် ပေးထားတဲ့အကွက်မှာ အမှန်ခြစ်ပါ။

- ☐ *ဘုရားသခင်ကမေတ္တာရှင်ကောင်းကင်အဘဖြစ်ပါတယ်။ ကျွန်တော်-ကျွန်မတို့ ရဲ့ မိတ်ဆွေဖြစ်ချင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်-ကျွန်မတို့ က ဘုရားစကားကို နားမထောင်ဘူး၊ အမှားတွေလုပ်တယ်။ ကိုယ်ပြုသမျှဒဏ် ကိုယ်သာခံသင့်ပါတယ်။*
- ☐ *ဒါပေမဲ့ ဘုရားရှင်က ကျွန်တော်-ကျွန်မကိုချစ်တယ်၊ အလွန်ချစ်တဲ့အတွက် ပြည့်စုံတဲ့ သားတော်သခင်ယေရှုကို စေလွှတ်ပြီး ကျွန်တော်-ကျွန်မ တို့ အပြစ်တွေရဲ့ပြစ်ဒဏ်ကို ခံယူစေပါတယ်။ သခင်ယေရှုက ဘယ်သောအခါမျှ အမှားမလုပ်ခဲ့ပါ။*
- ☐ *သခင်ယေရှုက အံ့သြစရာပါ၊ ကလေး-လူကြီး၊ ဆင်းရဲ-ချမ်းသာ၊ အာဏာရှိ-အာဏာမဲ့ အားလုံးကိုချစ်ပါတယ်။ ကျွန်တော်-ကျွန်မကိုလည်း ချစ်တဲ့ အတွက် ဘုရားသခင်ရဲ့ မိသားစုထဲမှာ အဲဒီလိုဖြစ်နိုင်ဘို့ ကိုယ်တော် အသေခံပါတယ်။*
- ☐ *ဒီမြေပေါ်က လူတစ်ဦးစီပြုခဲ့သမျှ အမှားတွေအတွက် သခင်ယေရှု အသေခံခဲ့ပါတယ်။ ဒါပေမဲ့ အဲဒါအဆုံး မဟုတ်ပါ။*
- ☐ *သခင်ယေရှု ရှင်ပြန်ထမြောက်ပါတယ်။ သေခြင်းမှာရှိမနေတော့ပါ။ ယနေ့ အသက်ရှင်နေပါတယ်။*
- ☐ *သခင်ယေရှုကိုချစ်ဘို့ သူနစ်သက်တဲ့အသက်တာနဲ့ အသက်ရှင်ဘို့ ကိုယ်တော်က ကျွန်တော်-ကျွန်မတို့ကို အလိုရှိပါတယ်။ ဒါက ဘုရားရှင်နဲ့ ကျွန်တော်-ကျွန်မတို့ကိုဝမ်းမြောက်စေပါတယ်။*

## ကျွန်တော်-ကျွန်မရဲ့အပြစ်တွေကိုဖယ်ရှားပေးဘို့ သခင်ယေရှုကို ဘယ်လိုတောင်းဆိုရမလဲ အောက်မှာပေးထားချက် တွေကိုဆောင်ရွက်ပါ

သခင်ယေရှုကို အချိန်မရွေး စကားပြောလို့ရပါတယ်။
အသံထွက်ပြီးပြောနိုင်သလို စိတ်ထဲကလည်းပြောလို့ရပါတယ်။

အဆင့် ၁ - သင့်အတွက် ဆောင်ရွက်ပေးသမျှတွေကြောင့် သခင်ယေရှုကို သင်ချစ်ကြောင်းပြောပါ၊ ကျေးဇူးတင်ပါ။

အဆင့် ၂ - သင်ပြုခဲ့သမျှ အမှားတွေအတွက် ဝမ်းနည်းကြောင်း၊ အပြစ်ကနေ ကိုယ်တော့်ထံပြန်လာလိုကြောင်း သခင်ယေရှုကိုပြောပါ၊

အဆင့် ၃ - ကိုယ်တော်သာ အပြစ်လွှတ်နိုင်တာကို ယုံကြည်ကြောင်း သခင်ယေရှုကိုပြောပါ။

အဆင့် ၄ - သခင်ယေရှုထံမှ ခွင့်လွှတ်ခြင်းကို တောင်းခံပါ၊ ကျန်တဲ့အသက်တာ တစ်လျှောက်လုံး ကိုယ်တော့်နောက်ကိုလိုက်ချင်ပါတယ်၊ ကိုယ်တော့် အတွက်အသက်ရှင်ချင်ပါတယ်လို့ သခင်ယေရှုကိုပြောပါ။

အဆင့် ၅ - သင့်ဆုတောင်းသံကို ကြားပြီး ခွင့်လွှတ်တဲ့အတွက် ဘုရားသခင်ကို ကျေးဇူးတင်ကြောင်းပြောပါ၊ သခင်ယေရှု သင့်ကိုကယ်တင်ပါပြီ။ သင်ဟာ အခုသခင်ယေရှုနဲ့ သက်ဆိုင်သူဖြစ်ပါပြီ။



### ကယ်တင်ခြင်း ကဗျာ

သခင်ယေရှု ကားတိုင်ပေါ်မှာ သေခံ
ပျောက်သောသူကို ကယ်ရန် ရှင်ပြန်
ကျွန်ုပ်ပြစ်များ ခွင့်လွှတ်ဘို့ တောင်းပန်။
ကျွန်ုပ်ရဲ့ကယ်တင်ရှင်၊ သခင်၊ မိတ်ဆွေဖြစ်ပါရန်
ကျွန်ုပ်သက်တာ ပြင်ဆင်ရန်၊ အသစ်ဖြစ်ရန်
ကိုယ်တော့်အတွက် အသက်ရှင်စေရန်
ယေရှုသခင်ထံ ကျွန်ုပ်တောင်းဆုပန်။

www.thesalvationpoem.com

ဒီနေ့ ကျွန်တော်-ကျွန်မရဲ့တသက်တာမှာ သခင်ယေရှုကို ကယ်တင်ရှင်အဖြစ် လက်ခံရရှိပြီ။
အမည် -

နေ့ရက် -

### ဒီမှာ ပိုသိရမယ့်အကြောင်းတွေ အများကြီးရှိပါသေးတယ်။

*ဘုရားသခင်နဲ့ တစ်ပါးတည်းသောသားတော် သခင်ယေရှုအကြောင်းကို ကျမ်းစာမှာပိုမိုသင်ယူစရာများစွာရှိပါသေးတယ်။ မကြာခင်မှာ သင်ပိုမိုဖတ်ချင်လာမယ့် အကြောင်းတွေကတော့*

- *စစ်မှန်တဲ့ တစ်ဆူတည်းသောဘုရားထံကနေ လူတွေ ဘယ်လိုကျောခိုင်းသွားသလဲ။*
- *သခင်ယေရှုအသက်တာအကြောင်း၊ ရှင်မဿဲ၊ ရှင်မာကု၊ ရှင်လုကာ၊ ရှင်ယောဟန်။*

### စိတ်လှုပ်ရှားစရာ ခြေလှမ်းသစ်များ

ခြေလှမ်း ၁ - သခင်ယေရှုကိုချစ်တဲ့သူတစ်ဦးအား သင့်ဆုံးဖြတ်ချက်ကို ပြောပြပါ။ ဒီနေ့ သခင်ယေရှုနောက်တော်ကိုလိုက်ရခြင်း၊ ကောင်းကင်ဘုံမှာ ကိုယ်တော်နဲ့အတူ ထာဝရအသက်ရှင်ရခြင်းတွေက ဘယ်လောက်ကောင်းသလဲဆိုတာ အတူတူပြောကြပါ။ မေးချင်တာတွေကိုလည်း အတူတူအဖြေရှာ ကြပါ။

ခြေလှမ်း ၂ - သခင်ယေရှုရဲ့မိတ်ဆွေတွေ ဆုံတွေ့ကြတဲ့အသင်းတော်၊ အိမ်တွေ အနီးအနားမှာရှိခဲ့ရင် သွားရောက်ပါဝင်ပါ။ ဒါက သခင်ယေရှုရဲ့နောက်တော်ကို နေ့တိုင်းလိုက်မယ်ဆိုတဲ့ သင့်ရဲ့ဆုံးဖြတ်ချက်ကိုခိုင်မာစေတဲ့ လမ်းမကြီးဖြစ်တယ်။

David©Cook
transforming lives together
www.GlobalChurch.com

မူပိုင် - ၂၀၁၃ ဒေးဗစ် စီ ကွတ်။
ပြန်လည်ထုတ်ဝေရန်ထုတ်ဝေသူ၏ခွင့်ပြုချက်လိုအပ်သည်။

*ခရစ်တော်အကြောင်း စာအုပ်ငယ်ကို ဒေးဗစ် စီ ကွတ်ရေးသားသော The Action Bible မှကောက်နုတ်တင်ပြပါသည်။*
Myanmar